အထူးသဖြင့် ခုလို ရေတွင်းပျက်နှင့် ကံ့ကော်ပင်နားကို တကူးတက လာစရာ အကြောင်းမရှိသဖြင့် ထူးခြားသည်ဟူ၍တော့ ထင်မိ၏။

ကားတံခါးဖွင့်သံ၊ ပြန်ပိတ်သံ ကြားရသည်။ ထို့နောက် ...

"ဟဲ့ ... အညွန့်ကလေးတွေချည်းပဲ ကိုးညွန့်ရူးနော်၊ ဩော် ... အနာအဆာရွေးလို့ရအောင် ဆယ့်လေးငါးညွန့်လောက် ပိုပိုသာသာခူးလိုက်"

အမျိုးသမီးတစ်ယောက်၏ အသံကို ကြားရသည်။ ဒီအသံမျိုး သူ ကြားဖူးသည်။ ထို့ကြောင့် ရေတွင်းပေါင်ပေါ် ထိုင်နေရာမှ လှည့်ကြည့်လိုက်သည်။

အမျိုးသမီးကို ဘေးတိုက်အနေအထားမှ မြင်ရသည်။ နည်းနည်း ဝသည်။ မျက်မှန်တပ်ထားသည်။ အသက် သုံးဆယ့်ငါးနှင့် လေးဆယ်ကြား၊ သူနှင့် ရွယ်တူလောက်ရှိမည်။ မြင်ဖူးသလိုပဲဟု တွေးနေတုန်း အမျိုးသမီးကလည်း သူ့ဘက်လှည့်ကြည့်သည်။ ခဏမျှ အပြန်အလှန် စိုက်ကြည့်မိပြီးနောက် တစ်ယောက်ကိုတစ်ယောက် ပြိုင်တူ လက်ညှိုးထိုးလိုက်သည်။ အမျိုးသမီးက စ၍ ...

"ဟယ် စိုးချစ်"

"ကြည်ကြည်စိန်၊ ကြည်ကြည်စိန် မဟုတ်လား"

စိုးချစ် ရေတွင်းဘောင်ပေါ်မှ ဆင်းပြီး ကြည်ကြည်စိန်နား လျှောက်သွားသည်။

"စိုးချစ်ရယ် ... ကြည့်စမ်း၊ ရုပ်ကို တော်တော်ဖမ်းယူရတယ်၊ နင်က တော်တော်ပိန်သွားတာကိုး"

"နင်ကလဲ တော်တော်ဝလာတယ်၊ မျက်မှန်ကလည်း တပ်ထားတော့

**********************************

ကြည်ကြည်စိန်က ထိုအဖြစ်အပျက်မှာ မနေ့ကပင် ဖြစ်ပျက်ခဲ့ပုံမျိုးဖြင့် တခစ်ခစ်ရယ်နေပြီးမှ ...

"အေးဟာ ... တစ်ခါတစ်ခါ ငယ်ငယ်ကအကြောင်းတွေ ပြန်တွေးရတာ ပျော်စရာတစ်မျိုးပဲ၊ အင်းလေ ... နင့်အဖို့တော့ လွမ်းစရာတွေ ဖြစ်ချင်ဖြစ်နေမှာပေါ့"

ဟု အနှောင့်အသွားမလွတ်သော စကားကို ပြောပြန်သည်။ ထို့ကြောင့် စိုးချစ်က ...

"ကဲကဲ ... သွားတော့လေ၊ တော်ကြာ ကံ့ကော်ညွှန့်တွေ ညှိုးကုန်လို့ ယတြာမချေလိုက်ရဘဲ နေဦးမယ်"

"အေးပါဟ ... အဲ ... ဒါနဲ့ နင်က နာမည်ကြီး ကဗျာဆရာ ဖြစ်နေပြီဆို"

"နာမည်ကြီးတော့ မဟုတ်ပါဘူးဟာ၊ သာမန်လောက်ပါပဲ၊ ငါ ကဗျာရေးနေတာ နင်က ဘယ်လိုလုပ်သိတာလဲ၊ မတွေ့ကြတာ ကြာပြီပဲဟာ"

"သိတာပေါ့၊ တလောက ဝိုင်းဝိုင်းနဲ့တွေ့လို့ သူငယ်ချင်းတွေအကြောင်းပြောရင်း သူပြောလို့သိတာ၊ အိမ်ကလူကလဲ စာသိပ်ဖတ်တာလေ၊ နင့်ကဗျာတွေကိုလဲ ကြိုက်တယ်တဲ့၊ ဒါနဲ့ ငါက ကဗျာဆရာ ကံ့ကော်နီဆိုတာ ငါ့သူငယ်ချင်းပဲလို့ ကြွားရတာပေါ့၊ အိမ်ကလူကတောင် နင့်ကို တွေ့ချင်တယ်လို့ ပြောနေသေးတယ်၊ တစ်ရက်လောက်တော့ နင့်ကို ထမင်းဖိတ်ကျွေးအုံးမယ်"

"ရပါတယ်ဟာ ... ငါက ကဗျာရေးနေတာကို သိပ်လူသိခံချင်တာ မဟုတ်ဘူး"

"အို ... ကိုယ့်သူငယ်ချင်းချင်း ခင်လို့ ကျွေးတာပဲဟာ၊ ပြီးတော့ နင်ကြိုက်တတ်တာလဲ ပါမှာပါ၊ အိမ်ကလူကလဲ ညနေဆို နှစ်ပက်သုံးပက်လောက်တော့ သောက်တတ်တယ်လေ"

“နင် ... နင် တကယ်ပြောတာလား”

ဟု အူယားဖားယား မေးမိ၏။

“တကယ်ပေါ့ဟ”

“နင် ...”

ဆိုပြီး စကားဆက်ဖို့ ခက်နေ၏။ သူတို့ယောကျ်ားလေးအချင်းချင်းဆိုလျှင် ‘မင်း ... ယောကျ်ားနော်’ ဟု ကတိကို အတည်ပြုလေ့ရှိ၏။ ခုကျတော့ ‘နင် ... မိန်းမနော်’ ဆိုပြီး ပြောလို့မရ။ ထို့ကြောင့် ...

“နင် ... ကတိနော်”

“အေးပါဟ ... ကဲပါ၊ မြန်မြန်ခူးပေးစမ်းပါ၊ သန့်ရှင်းရေးသွားဖို့ နောက်ကျနေအုံးမယ်”

စိုးချစ်က ‘နင် ငါ့ကို ဘတ်တာဆိုရင်တော့ မလွယ်ဘူးနော်’ ဟု စိတ်မချသလိုပြောပြီး ကံ့ကော်ပင်ပေါ်တက်သည်။ ကံ့ကော်ပွင့်နေသောနေရာကို ခင်မေတင့်က ညွှန်ပြပေးသည်။ ကွေးကောက်နေသော အကိုင်းက သိပ်မမြင့်လှ။ စိုးချစ်သည် ကိုင်းဖျားဘက်ဆီသို့ ဖျတ်လတ်စွာ ကူးသွားသည်။ ခင်မေတင့်ပြောတာ အမှန်ပဲ။ ထူးခြားစွာ ကြီးမားလှသော ကံ့ကော်တစ်ပွင့်သည် အရွက်တွေကြားထဲက တိုးထွက်နေသည်။

“စိုးချစ်၊ အကိုင်းရှည်ရှည်လေးပါအောင် ခူးနော်”

စိုးချစ်က ‘အေးပါ’ ဟု ပြန်ပြောပြီး ကံ့ကော်ပန်းဆီ လက်လှမ်းသည်။ နည်းနည်းလိုနေသဖြင့် ခြေဖျားထောက်လိုက်၏။ ကံ့ကော်ပွင့်ဆီထိ မမီသော်လည်း အကိုင်းဖျားကို လိမ်ချိုး၍ ခူးလို့ရသည်။ အကိုင်းက ပျဉ်းတွဲနေသဖြင့်

ဆောင့်ဆွဲလိုက်သည်။

"အရမ်းမဆွဲပါနဲ့ဟ၊ အပွင့်နာသွား ... ဟာ"

ခင်မေတင့် စကားမဆုံးသေး။ စိုးချစ်က သစ်ကိုင်းကို ဆောင့်အဆွဲ ဟန်ချက်ပျက်ပြီး အောက်ပြုတ်ကျသွားခြင်းဖြစ်၏။ သူတက်နေသော အကိုင်းက သိပ်မြင့်လှတာ မဟုတ်သောကြောင့် သက်သာသွားခြင်းဖြစ်၏။

"စိုးချစ် ... စိုးချစ်၊ ဘာဖြစ်သွားသေးလဲ"

ခင်မေတင့်က စိုးရိမ်တကြီး အော်ဟစ်ရင်း ပြေးသွားသည်။ စိုးချစ်သည် လူးလဲထလာသည်။ သူ့လက်ထဲမှာတော့ ကံ့ကော်ကိုင်းကို ကိုင်လျက်သား။ ထိပ်ဖျားက ကံ့ကော်ပွင့်ကလည်း ကံကောင်းထောက်မစွာ အထိအခိုက်မရှိ။ ပကတိအတိုင်း။

"ဘာမှမဖြစ်ပါဘူးဟ၊ ခုလိုဆိုတော့ မြေကြီးပေါ် အမြန်ပြန်ရောက်တာပေါ့၊ ကဲ ... ရော့"

စိုးချစ်က ကံ့ကော်ပွင့်ကို လှမ်းပေးလိုက်သည်။

"နင် ... ဘာမှ မဖြစ်ဘူးနော်"

ခင်မေတင့် ထပ်မေးရင်း ကံ့ကော်ပွင့်ကို လှမ်းယူသည်။ ကျေနပ်ပျော်ရွှင်စွာ ငုံ့နမ်းမည်ပြုပြီးနောက် အံ့သြသွား၏။ ထူးဆန်းလိုက်တာ ကံ့ကော်ပွင့်ရဲ့ ပွင့်ချပ်ပေါ်မှာ အနီစက်ကလေးတွေ။ သေသေချာချာကြည့်လိုက်တော့မှ အနီစက်များမှာ ပင်ကိုပါလာသော အစက်အပြောက်များ မဟုတ်။

"ဟယ် ... သွေးတွေ"

ခင်မေတင့် ကြောက်လန့်တကြား မော့ကြည့်သည်။ ထိုသွေးစက်များသည် စိုးချစ်၏ မေးဖျားရှိ ဒဏ်ရာမှ လွင့်စဉ်ထွက်ကျလာခြင်းပင် ဖြစ်လေ၏။

*****************************

လအတော်ကလေး မြင့်လာသောအခါ လုပ်ငန်းစဖို့ပြင်သည်။

"ကျွန်တော်တို့ ဟိုနားဒီနား ကင်းလှည့်လိုက်ဦးမယ်"

ဟု ပြောပြီး ထွက်ခဲ့ကြ၏။

"ဟေ့ကောင်တွေ၊ ချောင်ကြိုချောင်ကြား မဝင်နဲ့နော်၊ ပြီးတော့ လေးခွနဲ့ ဟိုပစ်ဒီပစ် မလုပ်ကြနဲ့ဦး"

ဟု မှာပြီး အသာတကြည် လွှတ်လိုက်သည်။ သူတို့မှာလည်း သူတို့ကြိုက်နေသော မိန်းကလေးတွေအကြောင်း၊ အိပ်ရာဝင်ပုံပြင်တွေအကြောင်း ပြောချင်တာတွေ ရှိနေ၏။ ဟိုကောင်လေးတွေ ရှိနေတော့ ပြောရတာ မလွတ်လပ်။ ထို့ကြောင့် စိုးချစ်တို့ ကင်းလှည့်မယ်ဆိုတာကို ကျေကျေနပ်နပ် ခွင့်ပြုလိုက်ခြင်းဖြစ်၏။

စိုးချစ်တို့လည်း လက်နက်အပြည့်အစုံ ကိုင်ဆောင်ပြီး ထွက်လာခဲ့ကြ၏။ ရေတွင်းပျက်ကြီးသည် ကင်းတဲနှင့် နည်းနည်းလှမ်းသည်။ ထို့ကြောင့် သူတို့အတွက်လည်း လွတ်လွတ်လပ်လပ် စောင့်ကြည့်နိုင်သည်။

"ဟေ့ကောင်တွေ၊ ခုကတည်းက မှာထားမယ်၊ တစ်ခုခု ထူးခြားတာတွေ့ရင် လန့်ဖျတ်ပြီး ထွက်မပြေးရဘူးနော်၊ ဘာလဲဆိုတာ သေသေချာချာ ဆုံးဖြတ်ချက်ချနိုင်အောင် စောင့်ကြည့်ရမယ်"

ဟု စိုးချစ်က ပြောသည်။ ခုလို ပြောရတာက အကြောင်းရှိ၏။

မင်းသီဟသည် ပြဿနာမရှိ။ ကျော်ဇင်ဦးက ပြောလို့မရ။ ဒီကောင်က ဟေးလားဝါးလား လုပ်တတ်သော်လည်း ဒါမျိုးတွေကို နည်းနည်းယုံချင်သလိုလိုရှိသည်။ သူငယ်ချင်းတွေ လုပ်သမျှ လိုက်လုပ်ချင်လို့သာ

သူတို့အတန်းထဲမှာ အကျင့်တစ်ခုရှိသည်။ အတွဲတွေ တွဲပေးတတ်ခြင်း ဖြစ်၏။ ပုံစံချင်းတူတာဖြစ်စေ၊ လုံးဝဆန့်ကျင်ဘက်နှင့်ဖြစ်စေ တွဲပေးတတ်ခြင်း ဖြစ်၏။ အရုပ်အလွန်ပုသော ကျောင်းသားနှင့်ကျောင်းသူ၊ ဒါမှမဟုတ် အပုဆုံးနှင့် အရှည်ဆုံး၊ အသားအလွန်မည်းသူ အချင်းချင်း၊ အလွန်ဝသူ အချင်းချင်း တွဲပေးပြီး ဝိုင်းစကြခြင်း ဖြစ်၏။

ဒီစာရင်းထဲမှာ မင်းသီဟနှင့် နန်းမွှေးတို့လည်း ပါသည်။ မင်းသီဟသည် အရုပ်ပုလှသည်တော့မဟုတ်။ ခပ်ပျပ်ပျပ်ဟု ပြောလျှင်တော့ ရသည်။ စိုးချစ်တို့၊ ကျော်ဇင်ဦးတို့နှင့် ယှဉ်လိုက်လျှင် နည်းနည်းနိမ့်နေသောကြောင့် ပုသည့်သဘောထင်ရခြင်း ဖြစ်၏။

နန်းမွှေးကတော့ မိန်းကလေးတွေထဲမှာ တော်တော်အရုပ်ရှည်သည်ဟု ဆိုရမည်။ ကိုယ်နေဟန်ထားကလည်း ကလန်ကလား ဖြောင့်ဖြောင့်တောင့်တောင့်ကြီးဖြစ်သောကြောင့် ပိုရှည်သည်ဟု ထင်ရသည်။ သူက ဝိုင်းဝိုင်းနှင့် တွဲဖက်ဖြစ်၏။ ဝိုင်းဝိုင်းနှင့် ကျော်ဇင်ဦးက အိမ်နီးနားချင်း ကစားဖော်ကစားဖက်။ ထို့ကြောင့် ကျော်ဇင်ဦး၏ သူငယ်ချင်းများဖြစ်သော စိုးချစ်နှင့် မင်းသီဟတို့သည်လည်း ဝိုင်းဝိုင်းတို့ နန်းမွှေးတို့နှင့် တစ်ဖွဲ့တည်းလို ဖြစ်နေ၏။ ဒီအခါမှာ မင်းသီဟကို နန်းမွှေးနှင့် ဝိုင်းစလေ့ရှိကြသည်။

နန်းမွှေးက ...

"သူ့လို ဂျပုကို စိတ်ကူးထဲတောင် မထည့်ဘူး"

ဟု ပြောသည်။ မင်းသီဟကလည်း ...

"ငါကလဲ သူ့လို လောရှည်ကို စိတ်ကူးမယ့်အစား ဓာတ်တိုင်ကြီးကို ပွေးဖက်လိုက်ချင်သေးတယ်"

ဟု ပြန်ပြောသည်။

ဒီလိုပဲ ကျော်ဇင်ဦးနှင့် ဝိုင်းဝိုင်းကိုလည်း စကြသည်။

ကျောင်းအုပ်ကြီး ထုတ်ပြန်ထားသော စည်းကမ်းများအရ မိန်းကလေးများ ကျောင်းလာလျှင် ဆံပင်ကို ကျစ်ဆံမြီးကျစ်ချင်ကျစ်၊ နောက်မှာစုပြီး ချည်ချင်ချည်လာရမည်။ ဆံပင် ဖားလျားချမလာရ။ လက်သည်းနီ၊ ခြေသည်းနီမဆိုးရ။ နှုတ်ခမ်းနီမဆိုးရ။ မိတ်ကပ်မလိမ်းရ။

မေရီအောင်က ဒီစည်းကမ်းတွေကို လက်တစ်လုံးခြားလှည့်ပြီး ရအောင်လုပ်သည်။ မိတ်ကပ်ကို မသိမသာ ပါးပါးလေးလိမ်းပြီး သနပ်ခါးဖြင့် ဖုံးလာသည်။ လက်သည်းခြေသည်းတွေကို အရောင်မပါသော ဆိုးဆေးတင်လာသည်။ ကော်ကြည်ဖြစ်သဖြင့် မူလလက်သည်းအရောင်အတိုင်း ပြောင်လက်တောက်ပနေသည်။

ညနေကျောင်းဆင်းပြီဆိုသောအခါ နောက်မှာစုစည်းထားသော ဆံပင်ကို ဖြည်ချလိုက်တော့ ဖားလျားဖြစ်သွားရော။ မျက်နှာပေါ်က သနပ်ခါးတွေကို ပွတ်သုတ်ပြီး လွယ်အိတ်ထဲမှာ အသင့်ပါလာသော ခရင်ပတ်ဖြင့် တို့လိုက်၊ နှုတ်ခမ်းနီဆိုးလိုက်သောအခါ နဂိုလှပြီးသားကနေ ပိုပြီး ရုပ်ထွက်လာတော့သည်။

မေရီအောင်နှင့် ခင်မေတင့်တို့သည် တန်းခွဲချင်းမတူသော်လည်း ရပ်ကွက်တူသဖြင့် ကျောင်းလာလျှင် အတူတွဲလာတတ်သည်။ ခင်မေတင့်မှာ သာမန်ရုပ်ရည်မျှသာရှိသူ ဖြစ်ရတဲ့အထဲ မေရီအောင်နှင့် တွဲမိသောအခါ ပို၍ထိမ်မြုပ်သွားရရှာသည်။

သူ့ပုံစံကလည်း ကြည့်ဦး။ သူ့အမေထဘီတွေ ယူယူဝတ်ရင်း အကျင့်ပါသွားပြီး လေးတောင်ကွင်းမှ ဝတ်တတ်တော့သည်။ သူ့ကိုယ်ခန္ဓာက သိပ်ဖွံ့ဖြိုးသေးတာမဟုတ်တော့ လေးတောင်ကွင်း ဝတ်လိုက်သောအခါ စောင်ကြီးပတ်ထားသလို ပွယောင်းယောင်းဖြစ်နေ၏။ ချပ်ချပ်ရပ်ရပ်လည်း မရှိတော့ဘဲ ခါးတုတ်တုတ်ကြီးဖြစ်နေသည်။

ဆံပင်ကလည်း ကတုံးကနေ ပြန်ပေါက်ကာစဖြစ်သောကြောင့် တိုနံ့နံ့ ထိုးထိုးထောင်ထောင်၊ ပုံမကျ ပန်းမကျ။

သူက သနပ်ခါးတွေ မိတ်ကပ်တွေ လိမ်းတာလည်း ဝါသနာမပါ။ အတန်းပိုင်ဆရာမက 'မိန်းကလေးဆိုတာ မျက်နှာပြောင်ကြီးနဲ့ မနေရဘူး' ဆိုလို့သာ ကျောင်းကိုလာလျှင် မျက်နှာကို သနပ်ခါးပွတ်လာခြင်း ဖြစ်၏။

နောက်ပြဿနာတစ်ခုကတော့ နန်းမွေးပင်ဖြစ်သည်။ ကဗျာလွတ်လို ယိမ်းကရာမှာ အရပ်အမောင်းချင်းညီမှ ကြည့်လို့ကောင်းသည်။ နန်းမွေးက အရပ်ကြီးရှည်သဖြင့် အားလုံးထဲမှာ ထိုးထိုးထောင်ထောင် ဖြစ်နေ၏။

ထို့ကြောင့် သူ့ကို ရှေ့ဆုံးမှာ တစ်ယောက်တည်း ထားလိုက်ရသည်။ ဒီတော့ သူက အဖွဲ့ခေါင်းဆောင်မင်းသမီးလိုလို ဖြစ်သွားသည်။ ကတဲ့အခါကျတော့လည်း နွဲ့နွဲ့နှောင်းနှောင်းမရှိဘဲ တောင့်တောင့်ကြီးဖြစ်နေသည်။ သူ ကဗျာလွတ်ကပုံမှာ ကြမ်းပြင်ကို ဖနောင့်နှင့် ပေါက်နေသလိုလို၊ အင်္ဂလိပ်ကြက်ဖ ဘိုကြက်ဖကို အနေးကစားပြနေသလိုလို ဖြစ်နေ၏။ ဘာပဲဖြစ်ဖြစ် ကနေရင်းက ဝိုင်းဝိုင်းပါးစပ်မှ တတွတ်တွတ်ရွတ်ပြီး ခင်မေတင့်ကို သတိပေးနေရတာကလွဲလျှင် စည်းကိုက်ဝါးကိုက်ဖြစ်သောကြောင့် မဆိုးလှပါ။ ပရိသတ်တွေကလည်း သဘောကျသည်။

ကျော်ဇင်ဦးနှင့်မင်းသီဟကတော့ ကာတွန်းအောင်ရှိန်၏ ဦးရုံစား၊ ဦးဒိန်းဒေါင် တစ်ခန်းရပ်ပြဇာတ်ကဖို့ စီစဉ်ထားသည်။ သူတို့မှာ အစောကြီးကတည်းက အဝတ်အစားလဲထားကြသည်။ မင်းသီဟက ခေါင်းပေါ်တွင် ခေါင်းပေါင်းကွက်ကျားကြီးပေါင်း၊ စက္ကူနှင့်ပုံသွင်းထားသော ဆေးတံအကြီးကြီးခဲထားသည်။ သူက ဦးရုံစား။ ကျော်ဇင်ဦးက ဆံပင်ကို တစ်ခြမ်းဆေးဖြူသုတ်ပြီး ဦးဒိန်းဒေါင်နှင့်တူအောင် လုပ်ထား၏။ သူတို့နှစ်ယောက်မှာ ဒီအပြင်အဆင်အတိုင်း လူကြားထဲလျှောက် လမ်းသလားနေသဖြင့် အစောကြီးကတည်းက ကြော်ငြာသလိုဖြစ်ပြီး နာမည်ကြီးနေသည်။

သူတို့အခန်းမတိုင်ခင်မှာ အစီအစဉ်တစ်ခု ရှိ၏။ လူပြက်ကလေးမောင်ရွှေရိုး တေးသရုပ်ဖော်ပင်ဖြစ်၏။ မောင်ရွှေရိုးအဖြစ် သန်းဦးက သရုပ်ဆောင်မည်။ အငြိမ့်မင်းသမီး ချစ်စပယ်အဖြစ်တော့ မေရီအောင်ပါပဲ။

စိုးချစ်က သရုပ်ဆောင်ပေးဖို့ပြောသောအခါ မေရီအောင်က သူ မကတတ်ကြောင်း

ပြောသည်။

"ကရမှာက တစ်ချိုးနှစ်ချိုးလောက်ပါ၊ သင်လိုက်ရင် ရပါတယ်၊ သရုပ်ဆောင်ဖို့က အဓိကပဲ"

ဟု စိုးချစ်က တိုက်တွန်းသောအခါ လက်ခံလိုက်သည်။ ရပ်ကွက်ထဲက အငြိမ့်မင်းသမီးဟောင်းတစ်ယောက်ဆီမှာ အရေးပေါ် အကသင်သည်။ သူ့ပါရမီကြောင့်ပဲလားမသိ။ ရက်တိုတိုအတွင်းမှာပင် ကချိုးနှစ်ခုသုံးခုကို တတ်မြောက်သွားသည်။

ပြဿနာကတော့ သန်းဦးပင်ဖြစ်၏။ အစကတော့ သူပဲ ဒီနေရာ သရုပ်ဆောင်ချင်လှချည်ရဲ့ဆိုပြီး အတင်းနားပူနားဆာ လုပ်ခဲ့သည်။ သူ့ရုပ်ရည်ကလည်း လူရွှင်တော်တစ်ယောက်လို ပြောင်ချော်ချော်ဖြစ်သောကြောင့် စိုးချစ်က ရွေးလိုက်သည်။ အစမ်းလေ့ကျင့်ကြတော့လည်း အဟုတ်ကြီးပဲ။

အခု တကယ် ကရတော့မည်ဆိုမှ သူမလုပ်ရဲဘူး ဖြစ်လာရော။

"မလုပ်လို့မရဘူး ဟေ့ကောင်၊ အခုပဲ ထွက်ရတော့မှာ အားလုံးအရှက်ကွဲကုန်လိမ့်မယ်"

"ဟာ ... ငါ မလုပ်ရဲတော့ဘူးကွာ၊ အစမ်းလေ့ကျင့်တုန်းက ကိုယ့်အချင်းချင်းကြားထဲမှာဆိုတော့ ကိစ္စမရှိဘူး၊ အခုဟာက လူတွေအများကြီး ဝိုင်းကြည့်နေမှာ၊ ငါကြောက်လာပြီ၊ ဒူးတွေလဲ တုန်လာပြီ၊ စင်ပေါ်ရောက်ရင် အမှားမှားအယွင်းယွင်းတွေ ဖြစ်ကုန်မှာ"

သန်းဦးက အကျောက်အကန်ငြင်းသည်။ စိုးချစ်က ...

"အားလုံးစီစဉ်ပြီးမှ မလုပ်လို့ဖြစ်မလား၊ မင်း ... ငါဒုက္ခရောက်အောင် မလုပ်နဲ့"

ကြာတယ်ဆိုပြီး အော်နေကြပြီကွ”

စိုးချစ်မှာ ရွေးစရာလမ်းမရှိတော့။ သန်းဦးပစ်ချထားခဲ့သော လူရွှင်တော်အဝတ်အစားတွေကို ကောက်ဝတ်ပြီး စင်ပေါ်တက်ခဲ့ရသည်။

ကန့်လန့်ကာဖွင့်လိုက်သောအခါ ခါးထောက်ပြီး တစ်ဘက်လှည့်ရပ်နေသော မေရီအောင်နှင့် ဒူးထောက်ပြီး လက်နှစ်ဘက်ကိုကား၍ ချစ်ခွင့်ပန်နေဟန် လုပ်နေသော စိုးချစ်တို့၏ ရုပ်သေပြကွက်ကို စတင်မြင်ရသည်။ ပဏာမတီးလုံးဆုံးတော့မှ မေရီအောင်က ဒီဘက်လှည့်၍ လက်ညှိုးကလေးကွေးချည်ဆန့်ချည်လုပ်ပြီး ခေါ်ဟန်ပြုစဉ် သီချင်းသံ စတင်ထွက်ပေါ်လာသည်။

“မောင်ရွှေရိုး၊ မောင်ရွှေရိုး”

“ဗျာ … ဗျ”

“လူပြက်ကလေးသနားစရာ၊ ဟော့ ရှက်ပါတယ်ကွာ၊ အငြိမ့်မင်းသမီးရဲ့အနားမှာ တစ်ဖဝါးမှ မခွာ”

“ခင်ခင်ကညာ ကြင်ကြင်မှာ၊ ပုံပုံပမာ၊ ယုံယုံပါ၊ ကိန္နရီမောင်နှံများလို မခွဲဘဲ နေချင်တာ အချစ်ရာ”

တွံတေးသိန်းတန်နှင့် ချစ်စပယ်တို့၏ သီချင်းကို နောက်ခံအဖြစ် ဖွင့်ပေးပြီး စိုးချစ်နှင့် မေရီအောင်တို့က သီချင်းစာသားအဓိပ္ပါယ်အတိုင်း သရုပ်ဆောင်ကြရခြင်းဖြစ်၏။

စိုးချစ်သည် သန်းဦးနှင့် မေရီအောင်တို့ အစမ်းလေ့ကျင့်စဉ်တလျှောက်လုံး သင်ပြပေးခဲ့ရသောကြောင့် ဘယ်နေရာမှာ ဘာလုပ်ရမယ်ဆိုတာ သိနေသည်။ သို့ရာတွင် ဒါမျိုးစင်ပေါ်တက်ဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဖူးသောကြောင့် ရှက်ရွံ့နေမိ၏။

ပရိသတ်ကတော့ အမြဲတမ်းတည်တည်တံ့တံ့နေလေ့ရှိသော စိုးချစ်ကိုယ်တိုင်

"ဈေးတွေက တက်လိုက်တာ၊ ဒါပေမဲ့ ငါတို့ဘက်က ဈေးတွေထက်စာရင်တော့ တော်သေးတယ် ပြောရမယ်"

ဟု နန်းမွေးက ပြောသည်။ ဝိုင်းဝိုင်းက ...

"အသီးအရွက်တွေ စုံစုံလင်လင် လတ်လတ်ဆတ်ဆတ်ရတာတော့ သိပ်အဆင်ပြေတာပဲ"

"ဘာပဲဖြစ်ဖြစ် ဟိုးအရင်က ဈေးသည်ဟောင်းကြီးတွေကို ပြန်တွေ့ရတာပဲ ဝမ်းသာဖို့ကောင်းနေပြီ"

"ဘယ်သူတွေ ပြန်တွေ့ခဲ့လို့လဲ"

ဟု မင်းသီဟက မေးသဖြင့် နန်းမွေးက ...

"ဘယဆေးဆိုင်က ဦးမရမ်းသီးလေ၊ ခုထိရှိသေးတယ်၊ ခုချိန်ဆို အသက်ရှစ်ဆယ်ကျော် ကိုးဆယ်နီးပါးရှိရောပေါ့၊ အံ့မယ် ဆေးတွေဝါးတွေကြားထဲ နေလို့လားမသိဘူး၊ ကျန်းကျန်းမာမာကြီးပဲ"

ဝိုင်းဝိုင်းကလည်း ...

"အလှကုန်ဆိုင်က ဦးယူနွတ်ကြီးကတော့ ဆုံးသွားရှာပြီတဲ့၊ အခု သူ့သားက ဆက်ဖွင့်နေတယ်၊ ငယ်ငယ်တုန်းက နွတ်ခမ်းနီမဝယ်ခင် နမူနာဆိုပြီး ဆိုးကြည့်လို့ ငါတို့နဲ့ ရန်ဖြစ်တဲ့ကောင်လေ၊ သူက မှတ်မိတယ်သိလား၊ နွတ်ခမ်းနီ မဝယ်တော့ဘူးလားလို့တောင် နောက်လိုက်သေးတယ်"

"အေး ... ဘဲဥသည် ဒေါ်ပွင့်ကြီးလဲ တွေ့ခဲ့တယ်"

အမဲသားကို ငရုပ်သီးစပ်စပ်နဲ့ ကြော်ထားတာရှိတယ်၊ အဲဒါနဲ့ မြည်းကြမလား"

"နေပါစေကွာ၊ ဟင်းတွေလဲ ထပ်ချက်အုံးမှာပဲ၊ နောက်ရက်တွေ မင်းစားဖို့ ထားလိုက်ပါ"

ထိုစဉ်မှာ မီးဖိုခန်းထဲမှ ဝိုင်းဝိုင်းက လှမ်းအော်ခေါ်လိုက်သည်။

"စိုးချစ်၊ နင့် ဟော့ပလိတ်က ဖွင့်လို့လဲ မရပါလား၊ လာလုပ်ပေးအုံး"

"ခလုတ်က အဲဒီလိုပဲ ကြောင်တတ်တယ်ကွ"

ဟု ပြောပြီး စိုးချစ် မီးဖိုထဲဝင်သွားသည်။ ဟော့ပလိတ်ခလုတ်ကို နှစ်ချက်သုံးချက် ဖွင့်လိုက်ပိတ်လိုက်လုပ်တော့မှ အဆင်ပြေသွားသည်။ ဝိုင်းဝိုင်းက ...

"စိုးချစ်ရယ် ... နင့်အဖြစ်ကိုကြည့်ရတာ စိတ်မသက်သာလိုက်တာ၊ ဖြစ်သလိုနေ၊ ဖြစ်သလိုစားနဲ့"

"အေးဟာ၊ ဒီကောင့်ကို ဒီလိုထားလို့မဖြစ်ဘူး၊ မိန်းမတစ်ယောက်တော့ ရှာပြီးပေးစားမှနဲ့တူတယ်"

နန်းမွေးက ဝင်ပြောရာ စိုးချစ်က ...

"တော်ပါတော့ဟာ၊ ငါ့ဘာသာ တစ်ယောက်တည်း နားအေးပါးအေး နေပါရစေ၊ နင်တို့ကို မြင်ရုံနဲ့ မိန်းမယူရမှာ လန့်နေပါပြီ"

"အံမယ်၊ ဟိုတစ်ယောက်ကို မရခဲ့လို့မဟုတ်လား၊ ဟိုတုန်းကသာ အဆင်ပြေခဲ့ရင် နင်လဲ ခုချိန်မှာ ကျော်ဇင်ဦးတို့လို အချိုးမျိုး ဖြစ်နေမှာပါ၊ ဒါနဲ့ နင်သိပြီးပြီလား ... ဟို"

ဝိုင်းဝိုင်း၏ စကားမဆုံးခင် ...

"ဟော့ကောင်၊ ပြီးရင်လာတော့လေကွာ၊ ဒီမှာ ငါတို့ တစ်ခွက်တောင် ကုန်တော့မယ်"

ကျော်ဇင်ဦးက လှမ်းခေါ်သဖြင့် စိုးချစ် အိမ်ရှေ့ခန်း ပြန်ထွက်သွားသည်။ ဝရန်တာမှာတော့ ဝိုင်းကစနေပြီ။

"မင်းက ဘီအီးပဲ ကြိုက်တယ်ဆိုလို့ မင်းသောက်ရတာ အဆင်ပြေအောင် ဖော်ဒကာဝယ်ခဲ့တာကွ၊ သူက ဘီအီးနဲ့ အနံ့အရသာ ဆင်တယ်လေကွာ"

စိုးချစ်က သူ့အတွက် ငှဲ့ထားသော ဖန်ခွက်ကိုယူပြီး တစ်ငုံငုံသည်။

"ဘယ်လိုလဲ၊ ဖြစ်တယ်မဟုတ်လား"

စိုးချစ်က ခေါင်းညိတ်ပြသည်။

စိုးချစ်သောက်ပုံမှာ အရက်ကို တစ်ငုံချင်း အရသာခံပြီး တစိမ့်စိမ့်သောက်ခြင်းဖြစ်၏။ တစ်ကျိုက်သောက်ပြီးတိုင်း အမြည်းတစ်ဖတ်ယူ၍ မြုံ့နေတတ်သည်။ ဒီလိုလူမျိုးသည် အရက်ကို လွန်လွန်ကျွံကျွံသောက်လေ့မရှိ။ အမူးလွန်ပြီး ပြဿနာရှာတာမျိုး၊ ရုပ်ပျက်ဆင်းပျက် ဖြစ်တာမျိုးမရှိ။ ထို့အတူ အရက်ဖြတ်ဖို့လည်း ဘယ်တော့မှ စိတ်ကူးလေ့မရှိ။

မင်းသီဟနှင့် ကျော်ဇင်ဦးတို့ကလည်း အပျော်သောက်သူများဖြစ်သဖြင့် သူတို့သုံးယောက်အတွက် ဖော်ဒကာတစ်ပုလင်းမှာ အနေတော်ပင်ဖြစ်၏။ အမြည်းကလည်း ငါးရံ့ခြောက်ဖုတ်နှင့် အာလူးချောင်းကြော်အပြင် ဝိုင်းဝိုင်းတို့က သရက်သီးပိုးတီချဉ်ကိုပါ ကြက်သွန်နှင့် သုတ်ပေးသဖြင့် အတော်အစပ်အဟပ်တည့်သွားသည်။

"တစ်ခါတလေ ခုလို သူငယ်ချင်းတွေ ပြန်ဆုံပြီး စားရသောက်ရတာ တယ်ဇိမ်ရှိတာပဲကွာ၊ အလုပ်ထဲမှာဆိုရင် အမြဲတမ်း စိတ်ဖိစီးမှု တစ်ခုမဟုတ်တစ်ခုတော့ ရှိတာပဲ"

ဟု မင်းသီဟ ပြောသည်။ ကျော်ဇင်ဦးက ...

"မင်းကော မပျော်ဘူးလားကွ စိုးချစ်"

ဟု မေးသဖြင့် ...

"ပျော်တာပေါ့ကွ၊ ငါ့မှာက တခြားအချိန်ဆိုရင် တစ်ယောက်တည်း အထီးကျန်ဆန်နေတာ"

"အဲဒီလိုအထီးကျန်မဖြစ်ရအောင် ဒီကောင့်ကို မိန်းမတစ်ယောက်လောက်ရှာပြီး ပေးစားရရင် ကောင်းမယ်ကွ"

ကျော်ဇင်ဦးက အစထောင်သည်။ မင်းသီဟက ...

"မင်းကောင်ကိုလဲ မေးကြည့်ပါအုံး၊ ငါတို့ပေးစားတော့ကော ယူမှာလားလို့၊ ခုချိန်မှာ ဂျူနီဖာလိုပက်စ်နဲ့ ပေးစားမယ်ဆိုရင်တောင် ခါးခါးသီးသီးငြင်းမဲ့ကောင်၊ မင်းကောင်က မရနိုင်တော့တာကိုမှ လိုချင်နေတာ၊ တော်တော် အစွဲအလမ်းကြီးတဲ့ကောင်"

စိုးချစ်က ဘာမှ ပြန်မပြောဘဲ ပြုံးရုံသာပြုံးနေသည်။ သူပြုံးပုံက ဟန်ဆောင်ပြုံး။

ကျော်ဇင်ဦးက အကဲခတ်နေပြီးမှ ...

""ဘာလဲဟေ့ကောင်၊ သတိရနေပြီမဟုတ်လား"

"မင်းတို့တောင်မှ မုန့်ဟင်းခါးသည် မိမိုးတို့၊ ဦးမရမ်းသီးတို့ကို သတိရသေးတာပဲ၊ လူတွေဟာ ငယ်ငယ်ကဖြစ်ခဲ့တဲ့ ဘာမဟုတ်တဲ့ ကိစ္စလေးတွေကိုတောင် မှတ်မိနေတတ်ကြတယ်လေ၊ ငါသတိရနေတယ်ဆိုတာ ဝန်ခံပါတယ်ကွ၊ မင်းတို့ သတိပေးမှ မဟုတ်ပါဘူး၊ ငါ့ဘာသာငါလဲ သတိရချင်ရနေတာပါပဲ၊ ကဲ ... ပြန်ပြီး ပြင်ဆင်လို့မရတာတွေ ပြောမနေပါနဲ့တော့ကွာ၊ တခြားအကြောင်းပြောစမ်းပါ"

ပြောပြီး ဖန်ခွက်ကို ယူမော့လိုက်သည်။ ဒီတစ်ခါတော့ သူသောက်နေကျပုံစံမျိုး တစ်ငုံချင်းမဟုတ်။ ဖန်ခွက်တစ်ဝက်လောက်ကို တစ်ခါတည်း တရှိန်ထိုး မော့ချလိုက်ခြင်းဖြစ်၏။ မင်းသီဟက ဒါကို သတိပြုမိပြီး ကျော်ဇင်ဦးကို လက်ကုတ်လိုက်သည်။

ကျော်ဇင်ဦးက စကားလမ်းကြောင်းပြောင်းပြီး သူ့လုပ်ငန်းထဲမှာ ကြုံတွေ့ရသော ရယ်စရာများကို ပြောပြသည်။ မင်းသီဟကလည်း လိုတာထက်ပိုပြီး တဟားဟား ရယ်ပေးနေသည်။ စိုးချစ် တစ်ချက်ငိုင်သွားတာမြင်သောကြောင့် စိတ်ပျော်ရွှင်အောင် ပြန်လုပ်ပေးကြခြင်းဖြစ်၏။ စိုးချစ်လည်း ရွှင်ရွှင်ပျပျဖြစ်လာသည်။ ထို့ကြောင့် ယမကာဝိုင်းက ပြန်သွက်လာသည်။

ဖော်ဒကာပုလင်းမှာ ပြောင်လုလုဖြစ်သွား၏။ မင်းသီဟက 'ဟင်းတွေ ကျက်ပြီးလားမသိဘူး၊ သွားကြည့်အုံးမယ်' ဆိုပြီး မီးဖိုခန်းဘက် ထွက်သွားသည်။ ကျော်ဇင်ဦးကလည်း အပေါ့သွားချင်သဖြင့် အိမ်အောက်ဆင်းပြီး အိမ်သာဘက်သွားသည်။ အပေါ်ပြန်တက်လာသောအခါ ဝရန်တာမှာ တစ်ယောက်တည်း ကြောင်တောင်တောင်ရပ်နေသော မင်းသီဟကို တွေ့လိုက်ရ၏။

"ဟိုကောင်စိုးချစ် မရှိတော့ဘူးကွ၊ ဘယ်ထွက်သွားလဲ မသိဘူး"

"မဝသေးလို့ ထပ်သွားဝယ်တာထင်တယ်"

"သွားဝယ်မယ်ဆိုရင်လဲ ငါတို့ကို ပြောသွားမှာပေါ့ကွ"

ပြောပြီး မင်းသီဟ တစ်ချက်တွေ၍ စဉ်းစားသည်။

"ဒီကောင် ဘယ်သွားတယ်ဆိုတာ ငါ ခန့်မှန်းလို့ရပြီ"

စိုးချစ်က လက်နှိပ်ဓာတ်မီးကို ခါးမှာထိုးလိုက်ပြီး အပင်ပေါ်တက်သည်။ မြင့်ကြည်နှင့် ယှဉ်လျက်ရှိသော အကိုင်းပေါ်ရောက်တော့ ...

"အပွင့်တွေတွေ့လား"

ဟု မေးသည်။ မြင့်ကြည်က ...

"မတွေ့သေးဘူးကွ၊ မှောင်နေတော့ စမ်းတဝါးဝါးနဲ့၊ အတော်ပဲကွာ၊ မင်းမှာ လက်နှိပ်ဓာတ်မီးပါတာနဲ့၊ မင်း မီးထိုးပေးကွာ၊ ငါ ခူးမယ်"

"အံမယ်၊ တကယ်လို့ တစ်ပွင့်တည်းရှိရင် မင်းက ခူးပြီး ယူသွားမှာပေါ့"

"တစ်ပွင့်တည်းရှိရင် မင်းကိုပေးမယ်ကွာ၊ ဟုတ်ပြီလား"

စိုးချစ်က ခေါင်းညိတ်ပြီး လက်နှိပ်ဓာတ်မီးနှင့် ဟိုဒီထိုးပြီး ရှာသည်။ ကံအားလျော်စွာ နှစ်ပွင့်အတိအကျရသည်။

ကံ့ကော်ပင်ပေါ်မှ ဆင်းလာကြပြီးနောက် မြင့်ကြည်က ...

"ကဲ ... တရားမျှတအောင် ငါလုပ်ပေးမယ်၊ မင်းဟိုဘက်လှည့်"

"ဘာ ... ဘာလုပ်ဖို့လှည့်ရမှာလဲ"

"ဩော် ... ဘယ်သူက ဘယ်အပွင့်ယူမလဲဆိုတာ ရွေးမယ်လေကွာ၊ ငါက လက်တစ်ဖက်စီမှာ ပန်းတစ်ပွင့်စီကိုင်ထားမယ်၊ မင်းက ဟိုဘက်လှည့်ပြီး ဘယ်လားညာလားပြော"

စိုးချစ်က တစ်ဘက်ကိုလှည့်သည်။ ထို့နောက် 'ဘယ်'ဟု ပြောပြီး ပြန်လှည့်လိုက်သည်။

"မင်းကံကောင်းတယ်ကွ၊ ဘယ်ဘက်က အပွင့်က ပိုကြီးတယ်"

ဆိုပြီး စိုးချစ်ကို လှမ်းပေးသည်။ စိုးချစ်က ပန်းပွင့်ကို လှမ်းယူရင်း ...

“ဒါနဲ့ … နေပါအုံး၊ မင်းက ဒီပန်းကို ဘယ်သူ့ပေးမလို့လဲ၊ ယတြာချေမလို့လား”

“ဟဲဟဲ … ယတြာချေဖို့ဆိုရင် ဒီလောက်အစောကြီး ဒုက္ခခံပြီး လာခူးပါ့မလားကွ”

“အေးကွာ၊ ဟုတ်သားပဲ”

“နေစမ်းပါအုံး၊ မင်းကကော ဘာကြောင့် အစောကြီးလာခူးရတာလဲ၊
ယတြာချေဖို့တော့ မဟုတ်လောက်ပါဘူး … နော”

စိုးချစ်က ရယ်ကျဲကျဲ လုပ်နေလိုက်၏။

**************************

စိုးချစ်သည် ထိုကိစ္စကို သူငယ်ချင်းတွေကို အသိမပေးခဲ့။ ဟိုကောင်တွေ
သိသွားလျှင် ဝိုင်းဟားမှာစိုးသည်။ ကံ့ကော်ပန်းလေးတစ်ပွင့်ရဖို့များ
အိပ်ရေးပျက်ခံပြီး တကူးတက သွားခူးရတယ်လို့ကွာဟု
လောင်ချင်လောင်ကြလိမ့်မည်။ နောက်တစ်ချက်ကလည်း မေရီအောင်လို
တစ်ကျောင်းလုံး၏ စတားတစ်ယောက်နှင့် ယှဉ်ကြည့်လျှင် သူ့ဘက်က
အားနည်းနေတာလည်းတစ်ကြောင်း၊ တကယ်လို့ သူပေးတဲ့ပန်းကို မေရီအောင်က
မယူဘဲ ငြင်းခဲ့လျှင် ရှက်စရာကြီးဖြစ်မှာ ကြောက်တာလည်းတစ်ကြောင်း။

မေရီအောင်က တနင်္ဂနွေနေ့မနက်ဆိုလျှင် လမ်းလျှောက်ထွက်လေ့ရှိ၏။ ပြီးလျှင်
ဈေးထဲဝင်ပြီး သူ့အတွက် လိုအပ်သောပစ္စည်းကလေးတွေ ဝယ်တတ်သည်။
သူအပြန်ကို စောင့်ပြီး ကံ့ကော်ပန်းပေးမည်ဟု စိတ်ကူးထားသည်။
တိုက်တိုက်ဆိုင်ဆိုင်ပင် ဒီတနင်္ဂနွေမနက်မှာမှ ကံ့ကော်ပန်းကလည်း စပွင့်သည်။
အစကောင်းတဲ့ အတိတ်နိမိတ်ပါပဲ။

ကံ့ကော်ပန်းခူးပြီးနောက် အိမ်ကိုပြန်သည်။ အဝတ်အစားလဲသည်။ ကံ့ကော်ပန်းကို
သန့်စင်အောင်ပြုလုပ်သည်။ အရွက်နှစ်ရွက်လည်း ချန်ထားသည်။
ပန်လို့အနေတော်ဖြစ်အောင် ဖြတ်သည်။ ထို့နောက် မေရီအောင်ကို

“မဟုတ်ရပါဘူးကွာ၊ ရိုးရိုးခင်လို့ပေးတာပါ”

“မဖြစ်နိုင်ဘူး၊ သူငယ်ချင်းလိုခင်လို့ ပေးတာဆိုရင် ဒီလောက်အပင်ပန်းခံပြီး မနက်အစောကြီး ထရူးပေးမှာမဟုတ်ဘူး”

“ငါ မနက်အစောကြီး ထရူးပေးတာမဟုတ်ပါဘူး၊ ဟို ...”

“လာမဖိန့်နဲ့၊ မြင့်ကြည်က ပြောပြပြီးပြီ”

မြင့်ကြည်ဆိုတော့မှ သူပြောခဲ့သော စကားတစ်ခွန်းကို သတိရပြီး ထပ်ဖြီးဖို့ ကြိုးစားကြည့်သည်။

“ငါက ယတြာချေတာပါကွ၊ ဗေဒင်က ဟောထားလို့”

“လုပ်မနေနဲ့၊ ယတြာတွေဘာတွေ မင်း ဘယ်တုံးက ယုံးဖူးလို့လဲ၊ မယုံတဲ့အပြင် ဒါတွေဟာ အယူသီးမှုတွေပါလို့တောင် ရှုပ်ချခဲ့သေးတယ်မဟုတ်လား”

“မင်းတို့ထင်နေသလို မဟုတ်ပါဘူး၊ ရိုးရိုးသားသားပါကွ”

“စိုးချစ်ရာ၊ မင်းက တော်တော်ရှက်တတ်တဲ့ကောင်ပဲ၊ ဒီလောက်ခင်တဲ့ သူငယ်ချင်းတွေ၊ လျှိုနေစရာ မလိုပါဘူးကွာ၊ တကယ်ဆိုရင် ငါတို့က ဝမ်းသာပြီးတော့တောင် အားပေးရအုံးမှာပါ”

ဘယ်လိုအကြောင်းပြလို့မှ ရမှာမဟုတ်။ အမှန်အတိုင်းပြောလို့လည်း မဖြစ်။ မေရီအောင်ကို ပေးဖို့ဟာ ဟိုကောင်မြင့်ကြည်က ဦးသွားလို့ ခင်မေတင့်ကို ပေးလိုက်ရတာပါဟု ပြောလိုက်လျှင် တစ်ရှက်ကနေ နှစ်ရှက်ဖြစ်တော့မည်။ မေရီအောင့်ကိစ္စကိုပါ ဖြောင့်ချက်ပေးသလို ဖြစ်တော့မည်။

မြင့်ကြည်သည် ဟောင်ဖွာဟောင်ဖွာ လုပ်တတ်တာကလွဲလျှင်
စိတ်ရင်းကောင်းသူဖြစ်၏။ ထို့ကြောင့် မြင့်ကြည်ကိုပင်
ဦးစားပေးလိုက်တော့မည်ဟု စိတ်ကူးသည်။ ခင်မေတင့်ကိစ္စကိုလည်း
အေးအေးဆေးဆေးမှ အမှန်အတိုင်းရှင်းပြတော့မည်။ လောလောဆယ်
စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုကို ဦးစားပေးရမည်။

ဒီကြားထဲမှာ မြင့်ကြည်နှင့် မေရီအောင်တို့ သတင်းကို ကြားရသည်။ မြင့်ကြည်က
တစ်ရက်မှာ မေရီအောင်ကို စကားလိုက်ပြောသည်။ သူ့ထုံးစံအတိုင်း လိုရင်းကို
တော်တော်နှင့်မပြောဖြစ်။ ကုံကော်ပန်းတက်ခူးရတာ မလွယ်တဲ့အကြောင်း၊
ကုံကော်ပင်မှာ အစောင့်ရှိတယ်လို့ သတင်းထွက်နေလို့
ကြောက်ကြောက်လန့်လန့်နဲ့ ခူးရတဲ့အကြောင်း၊ စိုးချစ်ရောက်လာမှ အဖော်ရှိပြီး
စိတ်သက်သာရာရကြောင်း ပြောရင်းက ...

"စိုးချစ်ကလဲ ခင်မေတင့်အတွက် ကုံကော်ပန်းလာခူးတာလေ၊
ကုံကော်ဦးဆိုတာကလဲ ရဖို့မလွယ်ဘူးမဟုတ်လား၊ ကံကောင်းလို့ နှစ်ပွင့်ရှိနေတာနဲ့
အဝေတည့်သွားတာ၊ ကုံကော်ပန်းခူးရောင်းတဲ့ ကောင်မလေးတွေ
ရောက်မလာသေးတာကလဲ ကံကောင်းတဲ့ အချက်တစ်ချက်ပဲ။ ဒီကောင်လေးတွေက
..."

ဆိုပြီး ကုံကော်ပန်းခူးရောင်းတဲ့ ကောင်လေးတွေအကြောင်း ဆက်ပြောပြန်သည်။
ဒီကမှ ဈေးထဲက ပန်းသည်တွေအကြောင်း ရောက်သွားပြန်သည်။

မေရီအောင်သည် အတော်လေးတော့ သည်းခံပြီး နားထောင်ပေးသေးသည်။
နောက်တော့ လက်ကိုင်ပုဝါလေးထုတ်၊ နှာခေါင်းကို မသိမသာအုပ်ရင်း 'ဟုတ်လား၊
ဩော် ... အင်း' စသည်ဖြင့် အလိုက်အထိုက် ပြန်ပြောသည်။ မြင့်ကြည်ကလည်း
အားတက်ပြီး ပန်းသည်တွေအကြောင်းကနေ အမဲသားသည်အကြောင်းဆက်ဖို့
စကားလမ်းပြောင်းသည်။ ဒီအခါမှာတော့ မေရီအောင်
ဆက်လက်သည်းမခံနိုင်တော့ဘဲ ...

"မြင့်ကြည်ရယ် ... ပြောစရာရှိလဲ နောက်နေ့မှ ထပ်ပြောပါလား၊
ခုလောလောဆယ်တော့ အိမ်ပြန်ပြီး ခြေထောက်ဆေးလိုက်ရင်
ကောင်းမယ်ထင်တယ်"

စာမေးပွဲကို အားလုံး ကြိုးကြိုးစားစား ဖြေကြသည်။ ဖြေနိုင်သည်ဟုလည်း ထင်ကြသည်။

"အောင်တာကတော့ အောင်မှာပဲ၊ အမှတ်တော့ သိပ်ကောင်းမျှာမဟုတ်ဘူး"

ဟု ကျော်ဇင်ဦးက ပြောသည်။ ကျန်တဲ့လူတွေကလည်း ...

"ငါတို့လဲ ဒီအတိုင်းပဲ"

ဟု ပြောကြသည်။ ခင်မေတင့်ကတော့ ...

"ငါက သင်္ချာကို သိပ်ကြောက်တာ၊ သင်္ချာဖြေရမယ့်နေ့က မေးခွန်းစာရွက်ယူကြည့်တဲ့အချိန်မှာ လက်တွေတောင်တုန်တယ်၊ ဒါပေမဲ့ မေးခွန်းတွေက စိုးချစ်တွက်ပြဖူးတဲ့ ပုစ္ဆာတွေချည်းဖြစ်နေလို့ ဖြေနိုင်သွားတာဟ၊ စိုးချစ်ကတော့ ငါ့ရဲ့ ကယ်တင်ရှင်ပါပဲ"

ဟု ဆိုသည်။ ဝိုင်းဝိုင်းက ...

"အေး ... နင်ကတော့ တစ်သက်လုံး စိုးချစ်ကိုပဲ အားကိုးသွားရမှာပါပဲ"

ဟု ပြောတော့ စိုးချစ်က မျက်နှာထားတည်တည်ကြီးနှင့် ဝိုင်းဝိုင်းကို ကြည့်သည်။

"နင်ကကော ဘယ်သူ့ကို အားကိုးမှာလဲ"

ကျော်ဇင်ဦးက ဝင်မေးရာ ဝိုင်းဝိုင်းက ...

"ဘယ်သူ့အားကိုးရမှာလဲ၊ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးမှာပေါ့"

"ဩော် ... မသိပါဘူး၊ ခိုကိုးရာမဲ့နေရင်တော့ ငါ့ကိုပြောနော်၊ အားမနာနဲ့"

ဆိုသဖြင့် ဝိုင်းဝိုင်းက သူ့ကျောကို ထုသေးသည်။ မင်းသီဟကတော့ နန်းမွှေးကို ကြည့်ပြီး 'ဟဲဟဲ ... ဟဲဟဲ' ဟု ရယ်နေ၏။

သူသည် စိတ်ထဲမှာ မတင်မကျကြီးဖြစ်နေသောကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ဘဲ ဖြစ်နေရ၏။ မနက်ခြောက်နာရီလောက်ထပြီး ထွက်လာခဲ့သည်။ လမ်းရောက်မှ စဉ်းစားမိ၏။

ဒီအချိန် ကျော်ဇင်ဦး အိပ်ရာက နိုးမှာမဟုတ်သေး။ နိုးပြီးမေးလို့လည်း မဖြစ်။ စာက သူ့အိမ်မှာကျခဲ့တာ မဟုတ်ခဲ့လျှင် သက်သက် ကိုယ့်ဘာသာ ဖော်ကောင်လုပ်သလို ဖြစ်နေမည်။ သူ့အိမ်မှာကျခဲ့တယ်ပဲထား။ ဒီလောက်အရေးတကြီး လာမေးတဲ့အတွက် မသင်္ကာဖြစ်နိုင်၏။

ထို့ကြောင့် လက်ဖက်ရည်ဆိုင် ဝင်ထိုင်၍ နံပြားနှင့်လက်ဖက်ရည် စားသောက်ရင်း အချိန်ဖြုန်းနေလိုက်သည်။ တကယ်လို့ စာကို ကျော်ဇင်ဦးက ဖွင့်ဖတ်ကြည့်ပြီးပြီဆိုလျှင်တော့ အမှန်အတိုင်း ဝန်ခံလိုက်ရုံသာ ရှိသည်။ ထိုအခါ သူတို့ကို စောစောက ဖွင့်ဟမတိုင်ပင်ရကောင်းလားဟု အပြစ်တင်ချင်တင်မည်။ ဒါတော့ မတတ်နိုင်။ သူ့အကျင့်ကိုက ဒါမျိုးကိစ္စမှာ ဘယ်သူ့ကိုမှ ကြိုတင်အသိမပေးချင်။ သူ့စိတ်ကူး၊ သူ့ကိုယ်ပိုင် ဆုံးဖြတ်ချက်နှင့်သာ လုပ်ချင်သည်။

လက်ဖက်ရည်သောက်ရင်းက တစ်ခု သွားတွေးမိပြန်၏။ တကယ်လို့ စာက ကျော်ဇင်ဦးအိမ်မှာ ကျခဲ့ပြီး ကျော်ဇင်ဦးကလည်း ဖွင့်ဖတ်ပြီးပြီဆိုလျှင် ဒီကောင်မနေ့ကတည်းက အိမ်ကို လာပြောမှာ သေချာသည်။ စာကို မတွေ့ကြသေးလို့များလား။ စာက အင်္ကျီအိတ်ထဲက ထွက်ကျပြီး စားပွဲအောက်တွေဘာတွေ ရောက်သွားလို့လား။

ကျော်ဇင်ဦး မနိုးခင်သွားပြီး ဧည့်ခန်းထဲရှာကြည့်လျှင် ကောင်းမည်ဟု စိတ်ကူးရသည်။ သူတို့အမေက စောစောနိုးတတ်တော့ အိမ်တံခါး ဖွင့်ပြီးနေလောက်ပြီ။

ဒီလိုအခြေအနေမျိုးရှိသော်လည်း ကုမ္ပဏီဝန်ထမ်းတွေက စွန့်ခွာသွားခြင်းမျိုး မရှိဘဲ စွဲစွဲမြဲမြဲ လုပ်ကြသည်။ အကြောင်းကတော့ ဒေါ်ခင်မေတင့်၏ အတွင်းစိတ်သဘောထား မှန်ကန်ကြောင်း သိကြသောကြောင့် ဖြစ်၏။

နောက်တစ်ချက်ကတော့ လစာကောင်းကောင်းရခြင်းနှင့် တခြားအခွင့်အရေးတွေလည်း ရရှိနေကြသောကြောင့် ဖြစ်၏။ နှစ်ပတ်လည်ဆုကြေးအပြင် လုပ်ငန်းတစ်ခုအောင်မြင်တဲ့အခါ အထူးဆုကြေးဆိုတာ ရသေးသည်။ ဝန်ထမ်းများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စတွေကိုလည်း ဂရုတစိုက် ဆောင်ရွက်ပေးတတ်သည်။

ထူးခြားတာတစ်ခုကတော့ ဒေါ်ခင်မေတင့်သည် တစ်စုံတစ်ခု အလိုမကျတဲ့အခါ တစ်ရုံးလုံးကို ခေါင်းမဖော်ရဲလောက်အောင် ဆူပူကြိမ်းမောင်းတတ်သည်။ ဘယ်သူမှ တုတ်တုတ်မလှုပ်ရဲကြ။ ထို့နောက် အတန်ကြာတဲ့အခါမှာတော့ ဝန်ထမ်းအားလုံးအတွက် လက်ဖက်ရည် သို့မဟုတ် အအေးပုလင်းများ ရောက်ရှိလာတတ်ခြင်းပင် ဖြစ်လေ၏။

*********************

"အအေးဒီး ကိုကျော် ရောက်နေပေါတယ် မမ"

အတွင်းရေးမှူးမလေးက လာပြောသည်။

"အေး၊ လွှတ်လိုက်"

ခဏအကြာတွင် ဆံပင်စုတ်ဖွား၊ အဝတ်အစား မသပ်မရပ် ဝတ်ထားသော လူရွယ်တစ်ယောက် ဝင်လာပြီး စားပွဲရှေ့မှာ ရပ်သည်။

"ထိုင်လေ၊ မောင်ကျော်"

ဟု ခင်မေတင့်က ခွင့်ပြုတော့မှ လက်ထဲမှ စက္ကူလိပ်ကြီးကို စားပွဲပေါ်တင်ပြီး ကုလားထိုင်မှာ ဝင်ထိုင်သည်။

"ကဲ ... ပြောပါအုံး အခြေအနေ"

ထို့နောက် မောင်ကျော်က စက္ကူလိပ်ကြီးကိုဖြန့်၍ ခင်မေတင့်ရှေ့မှာ ချပြပြီး ...

“ဒါက မြေကွက်ပေါ်က အနေအထားကို ပုံကြမ်းဆွဲထားတာပါ၊ တဲအိမ်စုတွေက ဒီမှာ၊ လမ်းမကြီးက ဟောဒီဟာ၊ အဲ ... ဒါက ဈေးဘက်ကို ထွက်တဲ့ မြေနီလမ်းကလေး”

ခင်မေတင့်က မြေပုံကြမ်းကို စိတ်ဝင်စားစွာ ကြည့်နေသည်။

ထို့နောက် ...

“မင်းရဲ့ပုံက မပြည့်စုံသေးဘူး”

ဆိုပြီး ဆော့ပင်တစ်ချောင်းကို ယူသည်။ မြေပုံပေါ်ရှိ တစ်နေရာကို ထောက်ပြပြီး ...

“မြေနီလမ်းကလေးရဲ့ဘေး၊ ဟောဒီနေရာလောက်မှာ ရေတွင်းပျက်ကြီးတစ်ခုရှိတယ်၊ အဲဒီဘေးမှာ ကံ့ကော်ပင်ကြီးတစ်ပင်ရှိတယ်၊ ဟုတ်လား”

မောင်ကျော် မျက်လုံးပြူးသွား၏။ ဘယ်တုံးကများ သွားကြည့်ထားလိုက်ပါလိမ့်၊ သိပ်မချောင်ဘူးဟု တွေးရင်း ...

“ဟုတ် ... ဟုတ်ကဲ့၊ ရှိပါတယ်၊ ကျွန်တော်က လမ်းနဲ့အိမ်တွေရဲ့ အနေအထားကိုပဲ အဓိကတင်ပြထားတာပါ၊ အဲဒီရေတွင်းနဲ့ ကံ့ကော်ပင်က သိပ်အရေးမကြီးသေးဘူးထင်လို့”

“ဘာဖြစ်လို့ အရေးမကြီးရမှာလဲ”

ခင်မေတင့်က ဖြတ်ပြောသည်။ သူ့လေသံက နည်းနည်း ဆတ်သွား၏။ မောင်ကျော် လန့်သွားပြီး ...

“နောက်ကို ကျွန်တော် ဂရုစိုက်ပါ့မယ်”

ဟု အမြန်ပြောလိုက်၏။ ခင်မေတင့်က လေသံကို ပြန်လျှော့ပြီး ...

တကယ်တော့ စိုးချစ်သည် ရေမွှေးနံ့ကို မကြိုက်သူတစ်ယောက်တော့ မဟုတ်။ သင်းသင်းကလေးဆိုလျှင် ကြိုက်သည်။ အခုဟာက စူးစူးရှရှကြီး။ ဦးယူနွတ်ဆိုင်က ဝယ်လာတာလားမသိ။ ဘာပဲဖြစ်ဖြစ် ရေမွှေးနံ့ကိုရလျှင် မေရီအောင်ကို သတိရသွားစေပြီး စိတ်ထဲမှာ မခံချိမခံသာ ဖြစ်ရ၏

ဒီလိုနဲ့ပဲ အခြေအနေ ဇာတ်မျောနေ၏။ အဖြစ်မှန်ကို ဖွင့်မပြောဖြစ်ဘဲ အချိန်တွေသာ ကြာလာသည်။ အကြွေးတင်ခံနေရတဲ့ လူတစ်ယောက်လို တစ်လပြီးတစ်လ ဝန်ထုပ်ဝန်ပိုးက ပို၍ လေးလံလာနေလေသည်။

*****************

ဒီကြားထဲမှာ ထူးခြားတဲ့ဖြစ်ရပ်တွေကတော့ ...

ကျော်ဇင်ဦးက ဝိုင်းဝိုင်းကို စာပေးသည်။ ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ အားလုံးက ခန့်မှန်းခဲ့ပြီးသားဖြစ်၏။ ငယ်ငယ်ကတည်းက အတူနေကြ၊ သံယောဇဉ်လည်း ရှိခဲ့ကြသူတွေကိုး။ ဒီကိစ္စ ကိုယ့်ဘာသာမရှင်းဘဲ ဝိုင်းဝိုင်းက ရှည်ပြီး သူ့အဖေကို သွားတိုင်သည်။

အဖေလုပ်တဲ့လူက ...

"သမီးလည်း တက္ကသိုလ်တောင် စတက်နေပြီပဲ၊ ဒီလိုကိစ္စမျိုး လူငယ်ချင်း ဖြေရှင်းတာ ကောင်းပါတယ်၊ ကိုယ်လက်မခံနိုင်ရင်လည်း ပွင့်ပွင့်လင်းလင်း ပြောလိုက်ပေါ့"

ဟု ဆိုသော်လည်း မရ။ ဒီကောင့်ကို မှတ်လောက်သားလောက်အောင် လုပ်ရမှ ကျေနပ်မယ်ဆိုပြီး ကျော်ဇင်ဦးအဖေကို သွားတိုင်ပေးရမယ်ဟု အတင်းအကျပ် အရေးဆိုသည်။

ထို့ကြောင့် သူ့အဖေလည်း ကျော်ဇင်ဦးတို့အိမ်ဘက် ထွက်သွား၏။ ဘာတွေ ပြဿနာဖြစ်သလဲမသိ။ လူကြီးချင်းပါဆက်ပြီး ငြိကုန်သလားပဲ။ နှစ်နာရီကျော်ကျော်လောက်ကြာမှ ပြန်လာသည်။ မျက်နှာက သိပ်ရွှင်ရွှင်လန်းလန်းမရှိ။

ပြောစရာစကားမရှိတော့။ ဘာမျှမပြောဖြစ်ကြဘဲ ငြိမ်သက်နေခဲ့ကြတာတောင် နာရီဝက်လောက် ရှိနေပြီ။

စိုးချစ်သည် ခင်မေတင့်တို့ စက်မှုတက္ကသိုလ်ထဲကို သွားလေ့မရှိ။ ကျော်ဇင်ဦးတို့က သွားရအောင်ဆိုပြီး ခေါ်သွားတုန်းက တစ်ခါသာ ရောက်ဖူးသည်။ ထိုစဉ်က ခင်မေတင့်မှာ အလွန်ဝမ်းသာရသည်။ ကျောင်းဝင်းထဲလိုက်ပြပြီး စားသောက်ဆိုင်မှာ ကျွေးမွေးသည်။ စိုးချစ်က နောက်ထပ် မသွားဖြစ်တော့။

ခင်မေတင့်ကသာ စိုးချစ်ကို တွေ့ချင်လျှင် ရန်ကုန်တက္ကသိုလ်ထဲ သွားရသည်။ ဒီအတွက် မိန်းကလေးသိက္ခာကျတယ်လို့ မထင်။ စိုးချစ်နှင့်ပတ်သက်လျှင် သူကစပြီး ချစ်ရေးမဆိုခဲ့တာကလွဲလို့ အရာရာမှာ သူ့ဘက်က လိုက်လျောဖို့ ခင်မေတင့် အဆင်သင့် ပြင်ထားခဲ့ပြီးသားဖြစ်၏။

ရန်ကုန်တက္ကသိုလ်ထဲမှာ တွေ့ကြတော့လည်း သိပ်ထူးထူးခြားခြားမဟုတ်။ စားသောက်ဆိုင်မှာ တစ်ခုခုစားပြီး အတူတူပြန်ကြခြင်းသာ ဖြစ်၏။

ဒီနေ့တော့ ခင်မေတင့်က အင်းလျားကန်စပ်ကို မသွားဖူးသေးသဖြင့် လိုက်ပို့ပါဟု တောင်းဆိုသည်။ ထို့ကြောင့် ကန်စပ်မှာ အကြော်သွားစားသည်။ ပြီးတော့ ခင်မေတင့်ကပဲ တစ်နေရာရာမှာ ထိုင်ရအောင်ဟု ဆိုသည်။

ခင်မေတင့်သည် ဝတ္ထုတွေထဲမှာ ဖတ်ခဲ့ရတဲ့အတိုင်း စိတ်ကူးယဉ်မိ၏။ ကန်စပ်မှာထိုင်ရင်း ရွက်လှေကလေးတွေကို ကြည့်ကြမည်။ ကန်ရေပြင်ပေါ်က ဖြတ်သန်းတိုက်ခတ်လာသော လေပြည်ကလေးက သူတို့ကို ကျီစယ်မည်။ စိုးချစ်က သူ့ပုခုံးလေးကို ဖက်ထားလိမ့်မည်။ ပြီးတော့ ...

လက်တွေ့မှာတော့ ကန်ထဲမှာ ရွက်လှေတစ်စင်းမှ မရှိ။ လေက နည်းနည်းထန်ချင်သည်။ စိုးချစ်ကလည်း ကန်ရေပြင်ဆီကိုသာ ငေးကြည့်နေခဲ့တာ ကျောက်ရုပ်တစ်ရုပ်လား အောက်မေ့ရသည်။

"စိုးချစ်"

ခင်မေတင့်က ခေါ်လိုက်သည်။ စိုးချစ်က မကြား။

“ဘာလဲ”

“နင်စိတ်ချမ်းသာဖို့ပဲပေါ့”

ဟု ပြောပြီး စိုးချစ်၏ ပုခုံးပေါ် ခေါင်းမှီလိုက်သည်။ ထိုအခါ စိုးချစ်၏ကိုယ်က တွန့်ခနဲဖြစ်သွားကြောင်း သတိပြုလိုက်မိ၏။

************************

ခင်မေတင့်သည် တက္ကသိုလ်ရောက်နေသည့်တိုင် အရင်ကအချိုးကို မပြောင်းသေး။ အဝတ်အစားရိုးရိုးကြီးဝတ်သည်။ ပြင်ဆင်ခြယ်သခြင်းသိပ်မရှိ။ ဆံပင်အရှည်ကြီးကို ကျစ်ဆံမြီးကျစ်ထားသည်။ ရန်ကုန်တက္ကသိုလ်တို့ စီးပွားရေးတက္ကသိုလ်တို့မှာ မဆိုထားနှင့် သိပ်အလုပြင်လေ့မရှိကြသော စက်မှုတက္ကသိုလ်မှာတောင် သူ့ကို ‘သူကြီးသမီး’ဟု ခေါ်ဆိုသည်။

ဒါကို ဝိုင်းဝိုင်းတို့က မကြိုက်။

“နင် ဒီလိုပုံစံကြီးမျိုးလုပ်နေရင် စိုးချစ်က ဖီလင်အောက်မှာပေါ့ဟ၊ တော်ကြာ တခြားကောင်မလေးတွေနောက် ပါသွားမယ်၊ မြန်မာစာဌာနက အချောအလှတွေ သိပ်ပေါတာနော်”

ဟု သတိပေးပြီး ခင်မေတင့်ကို ပြုပြင်ပြောင်းလဲမှုတွေ လုပ်ပေးကြသည်။

ခင်မေတင့်သည် တက္ကသိုလ်ရောက်တဲ့အထိ ထဘီကို ဒေါက်ထည့်ပြီး မဝတ်တတ်သေး။ ဝိုင်းဝိုင်းတို့က ထဘီတွေကို ပြန်ပြင်ချုပ်ခိုင်းသည်။ အင်္ကျီအရောင်လွင်လွင်လေးတွေ ဝတ်ခိုင်းသည်။ ခါတိုင်းလို ပြောင်တွေချည်းပဲ မဝတ်စေဘဲ အပွင့်ကလေးတွေပါ ဆင်သည်။

အထူးသဖြင့် ဆံပင်ပုံစံကို လုံးဝပြောင်းလဲလိုက်၏။ ခင်မေတင့်၏ ပင်ကိုဆံပင်က အရှည်ကြီးဖြစ်၏။ ပေါင်ရင်းနားလောက်ထိ ရောက်သည်။ ခင်မေတင့်က ကျစ်ဆံမြီးကြီး ကျစ်ထားတတ်၏။ ဒါကို ဝိုင်းဝိုင်းတို့က ခါးလည်လောက်အထိ

ဟု ချိုးကျူးချင်ချိုးကျူး၊ ယုတ်စွအဆုံး 'ဆံပင်တွေဖြတ်လိုက်တယ်' ဆိုတာမျိုးလောက်တော့ အသိအမှတ်ပြုသင့်သည်။ ခုတော့ လမ်းထိပ်မုန့်ဟင်းခါးဆိုင်က ကောင်မလေး နှုတ်ခမ်းနီဆိုးထားတာကို သတိမပြုမိသလိုမျိုးပါပဲလား။

ခုလို သူ့အပေါ် လျစ်လျူရှုခဲ့တာတွေကို ခင်မေတင့် တဖြည်းဖြည်း ပိုသိလာ၏။ စိတ်ထဲမှာလည်း သံသယဖြစ်လာသည်။ ထို့ကြောင့် ဝိုင်းဝိုင်းတို့ နန်းမွေးတို့ကို ရင်ဖွင့်မိ၏။ သူတို့က ...

"စိုးချစ်အကြောင်းလဲ နင်သိသားပဲ၊ သူဝါသနာပါတဲ့ ကဗျာကိစ္စကလွဲရင် ဘယ်နေရာမှာမျှား တက်တက်ကြွကြွရှိလို့လဲ၊ ငေးတိငေးကြောင်နေတတ်တာ သူ့အကျင့်ပဲလေ"

"ကျော်ဇင်ဦးတို့ မင်းသီဟတို့နဲ့ကျတော့ ဒီလိုမဟုတ်ပါဘူး၊ နောက်လား ပြောင်လားနေတာပဲ"

"ဒါတော့ ယောကျ်ားလေးချင်းကိုးဟ၊ သူက တည်ချင်ရင်တောင် ဟိုမျောက်လောင်းတွေက လိုက်စနေတဲ့ဟာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ နင်တို့စဉ်းစားကြည့်၊ သူများသမီးရည်းစားတွေနဲ့ လုံးဝမတူးဘူး၊ ကိုယ်မကြိုက်ဘဲ မိဘချင်း သဘောတူထားတဲ့ လူတွေတောင် ငါတို့ထက်တော့ ပိုပြီး ရင်းရင်းနှီးနှီးနေမယ် ထင်တာပဲ"

"စိုးချစ် ရှက်တတ်တာ နင်သိသားနဲ့ဟာ"

"နောက် ရှိသေးတယ်၊ သူက ယောကျ်ားလေးဖြစ်ပြီး ငါတို့ကျောင်းကို မလာဘူး၊ ငါကပဲ သူ့ဆီလာရတယ်၊ မိန်းကလေးတစ်ယောက်အနေနဲ့ ဘယ်လောက်သိက္ခာကျသလဲ၊ နောက်ပြီး ငါ သံသယဖြစ်နေတာ တစ်ခုရှိတယ်"

"ဘာလဲ"

ခင်မေတင့် ခဏဆိုင်းပြီး ...

"ကောင်းပြီလေ၊ အဲဒီအတွက်ဆိုရင်တော့ ရပါတယ်"

"ဒါဆို ဒီညနေငါးနာရီ၊ ကိုယ်တည်းတဲ့ ဒိုင်းမွန်းဟော်တယ်မှာ ဆုံမယ်၊ ဟုတ်လား"

"ကောင်းပြီ"

ဖုန်းချလိုက်သည်။ သူ့မျက်နှာက တင်းမာမှု အရိပ်အယောင်တွေ ထင်ဟပ်နေဆဲ။ ဒီဘက်ကို ပြန်လှည့်လိုက်တော့ မောင်ကျော်သည် မြေပုံပေါ်မှာ လက်ညှိုးကို ထောက်ထားလျက်သား စောင့်နေတာ တွေ့ရ၏။ သူထောက်ပြထားသောနေရာက ကံ့ကော်ပင်ကြီး၏ပုံဖြစ်၏။ မောင်ကျော်က ...

"ကျွန်တော် စိတ်ကူးတစ်ခုရလို့ပါ၊ ပရောဂျက်လုပ်တဲ့အခါ ဒီကံ့ကော်ပင်ကြီးကို ချန်ထားပြီးတော့ ဘေးပတ်ပတ်လည်မှာ ..."

"ချန်မထားနဲ့၊ အဲဒီကံ့ကော်ပင်ကြီးကို ခုတ်ပစ်လိုက်"

"ခင်ဗျာ"

"ဟုတ်တယ်၊ ခုတ်ပစ်လိုက်၊ အမြစ်ပါမကျန်အောင် ဒိုဇာနဲ့ထိုးပြီး ရှင်းပစ်လိုက်၊ ရေတွင်းပျက်ကြီးကိုလဲ ဖြိုချပြီး မြေဖို့ပစ်လိုက်"

"ဟို ... ဟို ... ကံ့ကော်ပင်ကြီးက သိပ်လှတယ် မမ၊ အဲဒါ"

"ဘာပြောတယ်"

ခင်မေတင့်အသံက ကျယ်သွားသည်။ မောင်ကျော်ကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ မောင်ကျော် နှုတ်ဆိတ်သွား၏။

ခင်မေတင့်သည် ဆော့ပင်တစ်ချောင်းကို လှမ်းယူပြီး မြေပုံပေါ်ရှိ ကံ့ကော်ပင်ကြီးနှင့် ရေတွင်းပျက်ကြီးနေရာပေါ်မှာ ကြက်ခြေခတ် ခြစ်ချလိုက်သည်။

*************************

အဖြစ်မှန်ကိုသိပြီးနောက် ခင်မေတင့်သည် သူငယ်ချင်းတွေကို ရှောင်နေတော့သည်။ ဝိုင်းဝိုင်းတို့က နှစ်သိမ့်အားပေးဖို့ ကြိုးစားသော်လည်းမရ။

နောက်ပိုင်းကျတော့ အိမ်မှာမနေတော့ဘဲ စက်မှုတက္ကသိုလ်နားက အမျိုးသမီးအဆောင်တစ်ခုမှာ သွားနေသည်။ ဝိုင်းဝိုင်းတို့က သွားလည်ကြသေးသည်။ ခင်မေတင့်က ...

"ဒီနေရာလေးဟာ ငါ့အတွက် အရမ်းအဆင်ပြေတယ်၊ ကျောင်းနဲ့လဲနီးတယ်၊ အေးချမ်းတိတ်ဆိတ်တယ်၊ ငါ့အတွက် ပတ်ဝန်းကျင်အသစ်ဆိုတော့ အတိတ်ကို တူးဖော်မယ့်လူလဲ မရှိဘူး၊ ဘဝသစ်တစ်ခု စလို့ အကောင်းဆုံးပေါ့၊ ငါ့ကို ဒီနေရာကနေ ထွက်ပြေးရအောင်တော့ ထပ်မလုပ်ကြပါနဲ့တော့"

ဟု ပြောလိုက်သည်။ သူသည် အတိတ်က အသိုင်းအဝိုင်း အဖြစ်အပျက်အားလုံးနှင့် အဆက်အသွယ်ဖြတ်လိုသည့် သဘောပင်ဖြစ်၏။ သူ့ဆန္ဒကို လိုက်လျောပေးကြရုံကလွဲပြီး ဘာမှုမတတ်နိုင်။

ဖြစ်ပျက်ခဲ့သောကိစ္စများနှင့် ပတ်သက်ပြီး စိုးချစ်ကို အပြစ်တင်လို့မဖြစ်ကြောင်းကိုလည်း သူငယ်ချင်းတွေက နားလည်နိုင်ကြသည်။ စိုးချစ်မှာ အပြစ်တစ်စုံတစ်ရာရှိသည်ဆိုလျှင် ထိမ်ချန်မှုကိုသာ ပြစရာရှိ၏။ ဒါကလည်း ခင်မေတင့်၏ ဂုဏ်သိက္ခာကို ငဲ့ကွက်ပြီး ဖွင့်မပြောရက်ခဲ့ခြင်းသာ ဖြစ်၏။ တကယ်လို့သာ အခုလို အခြေအနေမျိုး မကြုံခဲ့လျှင် စိုးချစ်သည် ထိုလျှို့ဝှက်ချက်ကို တစ်သက်လုံး ဖွင့်ပြောမှာမဟုတ်။ နောက်ဆုံးအချိန်ထိ သူ့ခံစားချက်တွေကို မျိုသိပ်ပြီး ခင်မေတင့်ကို လက်ထပ်ယူနိုင်လိမ့်မည်ဟု ယုံကြည်သည်။

စိုးချစ်နှင့်ပတ်သက်ပြီး သူငယ်ချင်းတွေကြားမှာ သဘောထားကွဲလွဲချက် တစ်ခုသာရှိ၏။ ကျော်ဇင်ဦးနှင့် မင်းသီဟတို့က စိုးချစ်အနေဖြင့် စောစောကတည်းက အဖြစ်မှန်ကို ဖွင့်ပြောခဲ့သင့်သည်ဟု ယူဆပြီး ဝိုင်းဝိုင်းနှင့် နန်းမွှေးတို့ကတော့ စိုးချစ်အဖို့ ခုလို မျိုသိပ်နေခဲ့တာ မှန်သည်ဟု သဘောထားကြခြင်းပင် ဖြစ်၏။

မေရီအောင်ကို မြင်လျှင် ခင်မေတင့်ကို ဖျတ်ခနဲ သတိရမိတတ်၏။ တစ်ဆက်တည်းမှာပင် သူ့ကိုယ်သူ အပြစ်ရှိသူတစ်ယောက်လို မလုံမလဲဖြစ်လာတတ်သည်။ တစ်ခါတလေ မေရီအောင်နှင့်ဆုံလို့ စကားပြောရတဲ့အခါ ကျောမလုံသလို နောက်ကို ယောင်ယောင်ပြီး လှည့်ကြည့်မိမလို ဖြစ်ရတတ်၏။ ထို့နောက် စိတ်မှာ မရှင်းလင်းဘဲ နောက်ကျိမှုကို ခံစားရ၏။ ကြာတော့ မေရီအောင့်ကို မတွေ့ရဲ မဆုံရဲလောက်အောင်ပင် ဖြစ်လာ၏။

ဒီလိုနှင့် နှစ်အတန်ကြာလာခဲ့ပြီးနောက် သတင်းတစ်ခုကို ကြားရသည်။ ခင်မေတင့် လက်ထပ်တော့မည်တဲ့။ ထိုသတင်းကို ကြားရသောအခါ စိုးချစ် တုန်လှုပ်ချောက်ချားသွားသည်။

အလွန်ထူးခြားသော ခံစားမှုတစ်မျိုးသည် သူ့ရင်မှာ ဖြစ်ပေါ်လာသည်။ နှမြောတသဖြစ်သောစိတ်ပင် ဖြစ်သည်။ ခင်မေတင့်ကို အရမ်းသတိရ လွမ်းဆွတ်မိသည်။ ဆောက်တည်ရာမရလောက်အောင် ပူဆွေးမိသည်။ ဒီတော့မှ သူ့ကိုယ်သူ နားလည်သဘောပေါက်လာသည်။ သူသည် ခင်မေတင့်ကို တကယ်ချစ်နေမိတာပါကလား။ သို့ရာတွင် နောက်အကျကြီး ကျခဲ့ပြီ။

နောင်တဆိုသည်မှာ ဘယ်သောအခါမှာမှ ကြိုကြိုတင်တင် သိရတတ်သော အရာမျိုးမဟုတ်။

**********************

နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ စိုးချစ်သည် သူ့ကိုယ်သူ ကျိန်စာသင့်နေသူတစ်ယောက်လို သဘောထားနေခဲ့သည်။ သူ့ဘဝကို ကဗျာတွေ၊ စာတွေထဲမှာသာ နှစ်မြှုပ်လိုက်တော့သည်။

သူ ညနေတိုင်း အရက်သောက်တယ်ဆိုတာတော့ မှန်သည်။ သို့ရာတွင် အသည်းကို အရက်နှင့်စိမ်ထားတယ် ဆိုတာမျိုးတော့ မဟုတ်။ သူ အရက်သောက်ရတာ ခင်မေတင့်ကို မေ့သွားအောင်လို့မဟုတ်။ အရက်သောက်ပြီးလျှင် ခင်မေတင့်ကို လွမ်းလို့ပိုကောင်းသောကြောင့်သာ ဖြစ်၏။ အသည်းကို ကဗျာထဲမှာ စိမ်ထားပြီး အလွမ်းကို အရက်ထဲမှာ စိမ်ထားခြင်းဖြစ်သည်ဟု ဆိုလျှင် ပိုမှန်လိမ့်မည် ထင်၏။

